ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**ပြည်ထောင်စုဝန်ကြီးရုံး**

အမိန့်ကြော်ငြာစာအမှတ်(၆၁ /၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း(၁၁ )ရက်

(၂၀၁၇ ခုနှစ်၊ ဧပြီလ ၇ ရက်)

**၂၀၁၇-၂၀၁၈ ခုနှစ်၊ ထုတ်လုပ်သည့်သစ်များမှ မြေအသုံးချမှုပြောင်းလဲမှုနှင့် လုံခြုံရေး ကန့်သတ်ချက်ရှိသည့်ဒေသမှ ထွက်ရှိသောသစ်များ (Conversion & Conflict Timber) အား ပြည်ပတင်ပို့ခွင့် ရပ်ဆိုင်းခြင်း**

၁။ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန စီမံခန့်ခွဲမှုကော်မတီ၏ (၉/၂၀၁၇)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက် အရ မြန်မာနိုင်ငံ၏ တရားဝင်သစ်ဖြစ်ကြောင်းအာမခံသည့်စနစ် (Myanmar Timber Legality Assurance System-MTLAS) ခိုင်မာစေရန်နှင့် ကျင့်သုံးဆောင်ရွက်မှုအနေဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ်၊ ထုတ်လုပ်သည့်သစ်များမှ မြေအသုံးချမှုပြောင်းလဲမှုနှင့် လုံခြုံရေးကန့်သတ်ချက်ရှိသည့်ဒေသမှ ထွက်ရှိသောသစ်များ (Conversion & Conflict Timber) အား ပြည်ပတင်ပို့ခွင့်မပြုကြောင်းနှင့် ပြည်တွင်းလိုအပ်ချက်အား ဖြည့်စည်းနိုင်ရေးအတွက် ပြည်တွင်းသုံးအဖြစ်သာရောင်းချရန် ကြေငြာလိုက်သည်။

၂။ ဤအမိန့်ကြော်ငြာစာအား ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း (၅) ရက်၊ (၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်) မှစ၍ အတည်ဖြစ်ကြောင်း သတ်မှတ်ကြေငြာလိုက်သည်။

(ပုံ) အုန်းဝင်း
ပြည်ထောင်စုဝန်ကြီး
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စာအမှတ်၊(သစ်တော) ၃/၀၄ (FLEGT)/( ၁၂၈၆ /၂၀၁၇)

ရက် စွဲ ၊ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၇ ရက်

ဖြန့်ဝေခြင်း

၁။ နိုင်ငံတော်သမ္မတရုံး။

၂။ ပြည်ထောင်စု အစိုးရအဖွဲ့ရုံး။

၃။ ပြည်ထောင်စု တရားသူကြီးချုပ်ရုံး။

၄။ ပြည်ထောင်စု ရှေ့နေချုပ်ရုံး။

၅။ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး။

၆။ ပြည်ထောင်စု ဝန်ကြီးဌာနအားလုံး

၇။ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်၊
........................တိုင်းဒေသကြီး၊ ........................ပြည်နယ်။

၈။ ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

၉။ ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန။

၁၀။ ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန။

၁၁။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း။

၁၂။ ညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန။

၁၃။ ညွှန်ကြားရေးမှူးချုပ်၊ မြေတိုင်းဦးစီးဌာန။

၁၄။ ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန။

၁၅။ ညွှန်ကြားရေးမှူး၊ ....................တိုင်းဒေသကြီး/ပြည်နယ်၊ သစ်တောဦးစီးဌာန။

၁၆။ ကျောင်းအုပ်ကြီး၊ မြန်မာနိုင်ငံသစ်တောကျောင်း၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး။

၁၇။ ကျောင်းအုပ်ကြီး၊ ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးဌာန၊ မှော်ဘီမြို့၊ ရန်ကုန်တိုင်းဒေသကြီး။

၁၈။ ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးဦးစီးဌာန (မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြော်ငြာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့်)

၁၉။ မျှောစာတွဲ

၂၀။ ရုံးလက်ခံ

အမိန့်အရ

(ခင်မောင်ရီ)

အမြဲတမ်းအတွင်းဝန်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန